ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# မြန်မာ့တပ်မတော်မှ တိုင်းရင်းသားဒေသများတွင် လက်ရှိထိုးစစ်ဆင်မှုများအပေါ် UNFC ၏ သဘောထားထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်

၁။ ဦးသိန်းစိန်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA) လက်မှတ်ရေးထိုးပွဲကို ယခုလ အောက်တိုဘာ(၁၅)ရက်နေ့တွင် အဖွဲ့(၈)ဖွဲ့ဖြင့် နေပြည်တော်၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ရန် စီစဉ်နေပါသည်။ တပြိုင်နက်တည်း တွင်ပင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင်လည်း ထိုးစစ်ဆင်တိုက်ပွဲများကို တစ်နေ့ထက် တစ်နေ့ ပိုမိုပြင်းထန်စွာ ပြုလုပ်လာနေပါသည်။

၂။ လက်ရှိတွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဌာနချုပ် ဝမ်ဟိုင်းအထိ တိုက်ခိုက်မည်ဟု ကြွေးကြော်ပြီး တိုက်ပွဲကြီးများ ဆင်နွဲလျှက်ရှိခြင်း၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) တပ်ဖွဲ့ကိုလည်း အကြောင်းအမျိုးမျိုးပြ၍ မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်မှုများ ပိုမိုကျယ်ပြန့်စွာ ပြုလုပ်လာနေခြင်း၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တပ်ဖွဲ့ဝင်များကိုလည်း ပိုမိုပြင်းထန်စွာထိုးစစ်ဆင်တိုက်ခိုက်လာခြင်းတို့အပြင် ကရင်ပြည်နယ် ဒေသအချို့၌လည်း ထိတွေ့ပစ်ခတ်မှုများနှင့် ထိုးစစ်ဆင်မှုများရှိလာသည်ကို တွေ့မြင်နေရသည်။

၃။ အဖွဲ့အားလုံးပါဝင်ခွင့်မရှိသဖြင့် လက်မှတ်မရေးထိုးနိုင်သေးသောအဖွဲ့များအား ထိုးစစ်ဆင်တိုက်ခိုက်လာနေခြင်းသည် လက်မှတ်ရေးထိုးရန် ဖိအားပေးခြင်းသဘောဆောင်နေပြီး၊ နစ်ပေါင်း(၇၀)နီးပါး အင်အားသုံးဖိအားပေးဖြေရှင်း၍ မရနိုင်သည့်နည်းနာကို တဖန်ပြန်၍အသက်သွင်းနေခြင်းဖြစ်သည်။ ထိုသို့ ငြိမ်းချမ်းရေးကို ဟန်ပြလုပ်ပြီး အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့သည့် မဟာလူမျိုးကြီးဝါဒအပေါ် အခြေခံသည့် မူလဗျူဟာမှန်းရေးနည်းနာကို ဆက်လက်အကောင်အထည်ဖော်နေမည်ဆိုပါက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဦးမည် ဖြစ်သည်။

၄။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ဟု ကြွေးကြော်နာမည်ခံပြီး တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)၊ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့တို့နှင့် အချိန်များစွာယူ၍ ညှိနှိုင်းခဲ့သော်လည်း နောက်ဆုံးတွင် ဆွေးနွေးနေသည့်အဖွဲ့ကို အလေးမထားပဲ တဖွဲ့ချင်းစီဖိတ်၍ လက်မှတ်ရေးထိုးစေရန် ကြံစည်လုပ်ဆောင်လာခြင်းသည် အပြောနှင့်အလုပ် မကိုက်ညီသောလက္ခဏာကို ဖော်ထုတ်ပြသနေသည်။

၅။ အခြားတဖက်တွင်လည်း တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဟု နာမည်ခံပြီး အချို့အဖွဲ့ကိုချန်၍ အဖွဲ့အချို့နှင့်သာ လက်မှတ်ရေးထိုးရန် လုပ်ဆောင်လာခြင်းသည် စုစည်းနေသောအတိုက်အခံတိုင်းရင်းသားအင်အားစုများကိုခွဲ၍ ချေမှုန်းရန်ကြံစည်သည့်လုပ်ရပ်ဟု မိမိတို့သံသယရှိခဲ့သည့်အတိုင်း ယခုလက်မှတ်မထိုးနိုင်သေးသည့်အဖွဲ့များအား တိုက်ခိုက်လာနေခြင်းက ၎င်းတို့၏အတွင်းသဘောထားကို ဖော်ပြလာနေသည်။

၆။ ထို့အပြင် အထွေထွေရွေးကောက်ပွဲနီးကပ်လာသောကာလတွင် တိုင်းရင်းသားဒေသများ၌ စစ်ပွဲများဖော်လိုက်ခြင်းအားဖြင့် စစ်ပွဲကိုအကြောင်းပြပြီး၊ ရွေးကောက်ပွဲကို ရက်ရွှေ့နောက်ဆုတ်သွားနိုင်ရန် (သို့တည်းမဟုတ်) အနိမ့်ဆုံးအားဖြင့် မတည်ငြိမ်သောနယ်မြေဟု သတ်မှတ်ပြီး၊ ထိုနယ်မြေရှိပြည်သူများ မဲပေးခွင့်မရှိအောင် ဖန်တီး၍ အနိုင်ယူရန် ကြံဆောင်နေခြင်းလားဟု စဉ်းစားစရာ ဖြစ်စေပါသည်။

၇။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမှသည် နိုင်ငံရေးပြဿနာကို အေးချမ်းစွာတွေ့ဆုံဖြေရှင်းရေးဟု သမ္မတနှင့် အစိုးရအဖွဲ့ဝင်တို့က ကြွေးကြော်ပြီး လှုပ်ရှားပြနေသော်လည်း မြန်မာ့တပ်မတော်က စစ်ရေးကို အရှိန်မြှင့်၍ တိုက်ခိုက်နေသည်။ ဤသို့ မီးစတဘက် ရေမှုတ်တဘက် ပြည်သူကိုမျက်စေ့လည်အောင် လှည့်စားနေသည့် နည်းဗျူဟာကို ကျင့်သုံးနေသည်မှာ ငြိမ်းချမ်းရေးကို အစစ်အမှန် လိုလားသောအစိုးရ မဟုတ်ကြောင်း သက်သေပြလာခြင်းပင်ဖြစ်သည်ဟု ယူဆသည်။

၈။ ပြည်ထောင်စုမြန်မာနိုင်ငံ အမြန်အေးချမ်းတည်ငြိမ်တိုးတက်လာရေးအတွက် နိုင်ငံတကာအသိုက်အဝန်း၊ နိုင်ငံရေးပါတီများနှင့် အလွှာအသီးသီးမှ လူမှုအဖွဲ့အစည်းများက နည်းပေါင်းစုံဖြင့် အကူအညီပေးလာခဲ့သည့်အပေါ် ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ပါသည်။ ယခုအခါ ဦးသိန်းစိန်အစိုးရနှင့် မြန်မာ့တပ်မတော်မှ ပြည်တွင်းစစ်မီး တဖန်တောက်လောင်လာစေရန် လုပ်ဆောင်လာနေသည့်အပေါ် ဂေဖန်သုံးသပ်၍ အမှန်တရားဘက်မှ ရပ်တည်အကူအညီပေးစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

*နိုင်ဟံသာ - ဒုတိယဥက္ကဋ္ဌ ဖုန်း - +66(0)80-503-0849*
*ခူဦးရယ် - အထွေထွေအတွင်းရေးမှူး ဖုန်း - +66(0)84-805-1344 ၊ [+001 651 313 2908]*